**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် န၀မပုံမှန်အစည်းအဝေး ပထမနေ့ (၂၄. ၃. ၂၀၁၄)ရက်နေ့တွင် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင်က အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ယခုကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် န၀မပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဖွဲ့စည်းပုံအသစ် (မူကြမ်း)ကို အဆိုပြုတင်သွင်းသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူ ခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ (၃၀-၉-၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၃)ဖြင့် လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ဌာနနှင့် အမျိုးသားလွှတ်တော်ဌာနတို့ကို ရုပ်သိမ်းပြီး ပြည်သူ့လွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်း (၄၀၆)ဦး၊ အမှုထမ်း (၁၂၃၅)ဦး၊ စုစုပေါင်း (၁၆၄၁)ဦးဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်း (၂၇၃)ဦး၊ အမှုထမ်း (၇၈၀)ဦး၊ စုစုပေါင်း (၁၀၅၃)ဦးဖြင့် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ တဖန်လွှတ်တော်ရုံး၏ (၂၇-၁-၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄)ဖြင့် ပြည်ထောင်စု လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိပြီး လက်ရှိလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံကို ရုပ်သိမ်းပြီး ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံကို အရာထမ်း (၁၂၁)ဦး၊ အမှုထမ်း (၄၆၉)ဦး၊ စုစုပေါင်း (၅၉၀)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ (၆-၈-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇၉ တွင် လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းအပြန်အလှန်ထိန်းကျောင်းကူညီ ဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းတည်ထောင်ရမည်ဟု ဖော်ပြထားပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်က ရုံးအကြီးအမှူးအဖြစ် ဆောင်ရွက်လျက်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ်ကို မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၏ သဘောတူညီချက်ရယူကာ နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ရန် ညှိနှိုင်း ထားကြောင်း သိရှိရပါတယ်။ (၁၂-၁၁-၂၀၁၃) ရက်နေ့တွင် ပြုလုပ်တဲ့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU)အစည်းအဝေး (၄/၂၀၁၃)၏ ဆုံးဖြတ်ချက် အပိုဒ်(က)နှင့် (ဃ)တို့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံကို အရာထမ်း(၁၆)ဦး၊ အမှုထမ်း(၉၈)ဦး၊ စုစုပေါင်း (၁၁၄)ဦးကို အခြေခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အောက်ပါ ရာခိုင်နှုန်း အဖွဲ့ဖွဲ့စည်းရာ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံ အခြေပြုဇယားတွင် လိုအပ်သည်များ ပြင်ဆင် ဖြည့်စွက်ရန် ညှိနှိုင်းခဲ့ကြပါတယ်-

- စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်တို့တွင် (၁၁၄)ဦး ၏ ၁၀၀%ဖြစ်သော ၁၁၄ ဦး
- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် ပြည်နယ် တို့နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၁၁၄)ဦး၏ ၇၅% ဖြစ်သော ၈၅ ဦး

အသီးသီးဖြစ်ကြပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဖွဲ့စည်းပုံ အသစ်(မူကြမ်း)မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ ဦး |
| (၂) | ညွှန်ကြားရေးမှူး | ၁ ဦး |
| (၃) | ဒုတိယညွှန်ကြားရေးမှူး | ၂ ဦး |
| (၄) | လက်ထောက်ညွှန်ကြားရေးမှူး | ၇ ဦး |
| (၅) | ဦးစီးအရာရှိ | ၈ ဦး |
| (၆) | အကြီးတန်းစာရေး | ၁၃ ဦး |
| (၉) | အငယ်တန်းစာရေး | ၃၂ ဦး |
| (၁၀) | ယာဉ်မောင်း | ၂၀ ဦး |
| (၁၁) | ရုံးအကူ/စာပို့ | ၆ ဦး |
| (၁၂) | သန့်ရှင်းရေး | ၃ ဦး |
| (၁၃) | ရုံးစောင့် | ၃ ဦး |
| (၁၄) | ဥယျာဉ်မှူး | ၂ ဦး |
| | အမှုထမ်းစုစုပေါင်း | ၉၈ ဦး |
| | အရာထမ်း+အမှုထမ်း | ၁၁၄ ဦး |

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းမှုကို မူသဘောအရ (၁၁၄)ဦး အတည်ပြုပြီး လုပ်ငန်းလိုအပ်ချက်အရ (၁၁၄)ဦး ဖွဲ့စည်းပုံအတွင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံးအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်း ဖွဲ့စည်းပုံအသစ် (မူကြမ်း)ကို အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံဆွေးနွေးမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းဘဦး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦးဖြစ်ပါတယ်။** ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်တင်သွင်းသွားတဲ့ "ရှမ်းပြည်နယ်လွှတ်တော်ရုံးအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်း ဖွဲ့စည်းပုံအသစ် (မူကြမ်း)"အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံ အပ်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။(သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးမြင့်စိုးနိုင် တင်သွင်းသွားသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ် (မူကြမ်း)အား လွှတ်တော်မှ အတည်ပြု ပေးရန်"အဆို ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

၄င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။ **(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးမြင့်စိုးနိုင်ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင် တင်သွင်းတဲ့အဆိုကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်အနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၅. ၃. ၂၀၁၄)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ရေးရာကော်မတီကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံအသစ်(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန်" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။ အဆိုကို ဆွေးနွေးဖို့ အင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ဦးဝင်းမြင့်အား ဖိတ်ခေါ်အပ်ပါသည်။

ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကျန်းမာချမ်းသာကြပါစေကြောင်း၊ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး၊ ပထမနေ့တွင် ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ရေးရာကော်မတီအဖွဲ့ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရန်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဝန်ထမ်းဖွဲ့စည်းပုံအသစ် (မူကြမ်း)အား၊ လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းခြင်း"အပေါ် ကျွန်တော်ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာကိုယ်စားလှယ်မှ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ် အခြေပြဇယားတွင် အရာထမ်း(၁၆)ဦး၊ အမှုထမ်း(၉၈)ဦး၊ စုစုပေါင်း ဝန်ထမ်း(၁၁၄)ဦးတို့ဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် (၃)ဦး လစ်လပ်နေပြီး ယနေ့ရှိ လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦးရှိပါသည်။ ရှမ်းပြည်နယ်ရှိလွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ထမ်းအချိုးအစားမှာ ၁၄၀း၁၁၄ (သို့မဟုတ်) ၁ အချိုး ဒသမ ၈ ရှိနေပါ၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် ဝန်ထမ်း ၁ဦးနှုန်းခန့် ရှိနေပါ၍ ဖွဲ့စည်းပုံအင်အားများသည်ဟု သုံးသပ်မိပါသည်။ အမှုထမ်းအဆင့်ရာထူးတွင် အမှတ်စဉ် ( ၇ )ပါ

ယာဉ်မောင်းအဆင့် (၅)ဖွဲ့စည်းပုံ(မူကြမ်း)တွင် (၁၃)ဦးခန့်ရန် လျာထားပါသည်။ လက်ရှိအခြေအနေမှာ လုံးဝခန့်ထားခြင်း မရှိသေး၍ ယာဉ်မောင်းအဆင့်(၅)(၁၃)ဦး လျာထားသည်မှာ များသည်ဟုသုံးသပ်ရပါသည်။ ယနေ့ရှမ်းပြည်နယ်လွှတ်တော်ရှိ ဝန်ထမ်းအင်အားမှာ ခွင့်ပြုချက်(၄၁)ဦးရှိပြီး၊ ခန့်အပ်ထားသည့်ဝန်ထမ်းမှာ (၂၄)ဦးဖြစ်ကြောင်း သိရှိရပါသည်။ ခန့်အပ်ထားသည့် ဝန်ထမ်း(၂၄)ဦးဖြင့် ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းကိစ္စ အဝဝကို လစ်ဟင်းမှုမရှိအောင် စီမံခန့်ခွဲပေးသည့် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုဥက္ကဋ္ဌ အမှုထမ်း၊ အရာထမ်းများ၊ အားကြိုးမာန်တက်၊ တာဝန်သိစွာ ဆောင်ရွက်ပေးနိုင်မှုကိုလည်း၊ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များမှာ အားလုံးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ယခုနိုင်ငံတော် အစိုးရတွင် နိုင်ငံခြားငွေ ဒေါ်လာသန်း ၉၅၀၀ အပြင် ပြည်တွင်းကြွေးကျန် ကျပ် ဘီလီယံ ၁၀၀၀၀ ကျော်ရှိနေကြောင်း သိရှိရပါသည်။

လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများ ခန့်အပ်ရာတွင် ဖွဲ့စည်းပုံအရ တစ်ပြိုင်တည်း ခန့်အပ်ခြင်းမပြုပဲ လျာထားသည့် ဝန်ထမ်းအင်အား၏ ထက်ဝက်ခန့်ကိုသာ အများဆုံးခန့်အပ်ပြီး၊ လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းများကို တဖြည်းဖြည်းချင်း ခန့်အပ်သွားသင့်ပါသည်။ ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း လက်ရှိဝန်ထမ်းများမှ လုပ်သက်ကြီးရင့်သူ အရည်အချင်းရှိသူများကို ဦးစားပေးတစ်ဆင့်မြင့် ရာထူးတိုးမြင့်ပြီးမှ လိုအပ်သူများကို တဖြည်းဖြည်း ခန့်ထားရန်ဖြစ်ပါသည်။ အရေအတွက်ထက် အရည်အချင်း ပိုမိုလိုအပ်သော ကာလဖြစ်၍ အရည်အချင်းပြည့်သောသူများကိုသာ ခန့်အပ်ပေးရန် အကြံပြုပါသည်။ လွှတ်တော်တစ်ရပ်တွင် မှတ်တမ်းမှတ်ရာ ပြည့်စုံမှု၊ ဝန်ထမ်းအင်အားပြည့်စုံမှု၊ ဝန်ထမ်းအရည်အချင်းရှိမှု၊ သစ္စာရှိမှုတို့သည် လွှတ်တော်လုပ်ငန်းအောင်မြင်ရေး၏ အဓိကကျသောအချက်များဖြစ်ပါသည်။ ရှမ်းပြည်နယ်လွှတ်တော်သည် ရှမ်းပြည်နယ်၏ဂုဏ်ကျက်သရေနှင့် ကြီးမြတ်မှုတို့၏ အဓိပဓိဦးသျှောင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်၏ ဝန်ထမ်းဖွဲ့စည်းပုံမှာ တင့်သင့်မျှတသော်လည်း ယာဉ်မောင်း အဆင့်(၅)၊ (၁၃)ဦး အားသင့်လျော်သလို လျော့ချပြီး၊ ကျန်ရှိသည့် ဖွဲ့စည်းပုံပါအရေအတွက် ဝန်ထမ်းများကို အထက်တွင်ဖော်ပြထား ခဲ့သည်အတိုင်း လျာထားအင်အား၏ ထက်ဝက်ခန့်ကို ခန့်အပ်ပြီးမှ တစ်ဆင့်ခြင်း လိုအပ်သလို ခန့်အပ်ထားသင့်ပါကြောင်း လေးစားစွာအကြံပြုအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၁၀)။ အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရှင်းလင်းခြင်းနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုတင်သွင်းသည့် ပြည်နယ်လွှတ်တော်ရုံးဖွဲ့စည်းပုံ (မူကြမ်း)ဟာ ကျွန်တော်တို့တစ်နိုင်ငံလုံးရှိ တိုင်းနဲ့ပြည်နယ်အားလုံးမှာ လျာထားသတ်မှတ်ချက်ဖြစ်ပါတယ်။ ဝန်ထမ်းခန့်တဲ့နေရာမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပြည့်အဝ ခန့်မယ်လို့လည်း မဆိုလိုပါဘူး။ အခြေအနေနဲ့ အချိန်အခါလျောက် ခန့်ထားမှာ ဖြစ်ပါတယ်။ လောလောဆယ် အခြေအနေအရ ကျွန်တော်တို့ ဒီ (မူကြမ်း) ဖွဲ့စည်းပုံကို လွှတ်တော်ရဲ့သဘောဆန္ဒခံယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ်(မူကြမ်း)အား၊ လွှတ်တော်မှ အတည်ပြုပေးရန်အဆိုနဲ့ ပတ်သတ်ပြီး လွှတ်တော်မှ သဘောတူပါသလားခင်ဗျား။(သုံးကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်မှသဘောတူပါသည်)

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသေးလားခင်ဗျား။ လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။